# လှုဒါန်းရန်နှင့်ဆက်သွယ်ရန်

ဆရာတော်၏ ဦးဆောင်မှုဖြင့် ကမ္ဘာအရပ်ရပ်မှ အလှူငွေများကို ကောက်ခံနိုင်ရန်အတွက် အဓိဋ္ဌာန် ဗုဒ္ဓဘာသာ သာသနာပြု ကုမ္ပဏီ ( ဩစတြေးလျ ) **(ADEIKHTAN BUDDHIST MISSIONARY COMPANY (AUSTRALIA)** ကို ဖွဲ့စည်း ဆောင်ရွက်လျက် ရှိပါသည် ။

ဆင်းတုတော်ကြီးသည် ဩစတြေးလျ ဒေါ်လာ လေးသန်းကျော် ကုန်ကျပြီး ဘာသာရေး အဆောက်အဦးများသည် ဒေါ်လာနှစ်သန်းကျော် ကုန်ကျ မည်ဟုခန့်မှန်းပါသည် ။ ဗိသုကာနှင့် အင်ဂျင်နီယာ ဒီဇိုင်းများ ရေးဆွဲပြီး ကုန်ကျစရိတ် အသေးစိတ်ကို ပြုစု လျှက် ရှိပါသည် ။

ဆင်းတုတော်ကြီးနှင့် အခြားလှူဒါန်းနိုင်သော ပစ္စည်းများစာရင်း အသေးစိတ်ကို ပြုစု ပြီး **Website** ([www.abmc.com.au](http://www.abmc.com.au)) တွင် ဖော်ပြသွားပါမည် ။

ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့် တခြားသော အလှူရှင်များ အောက်ပါ အတိုင်း ဆက်သွယ် လှူဒါန်းနိုင်ပါသည် ။

## ဆက်သွယ်ရန်


PO BOX**: 99, Epping,NSW 1710, Sydney,Australia**

**Web site:** [*www.abmc.com.au*](http://www.abmc.com.au)

**Email:** [*admin@abmc.com.au*](mailto:admin@abmc.com.au)


| လှူ ဒါန်းရန် | *Bank Detail* |
|---|---|
| **Bank Account Number:** | **1033-1221** |
| **Bank Account Name:** | **ABMCA** |
| **Bank Name:** | **Commonwealth** |
| **Branch:** | **Epping NSW** |
| **BSB:** | **06-2166** |
| ( တခြားနိုင်ငံများမှ **ABMCA** သို့တိုက်ရိုက် ငွေလှူဒါန်းလိုပါက **Swift Code** လိုအပ်ပါသည် ) | |
| **Swift Code:** | **CTBAAU2S** |

# တည်ဆောက်ရေးစီမံကိန်း




အနန္တ သိဒ္ဓိ ဆုထူးပန် ဗုဒ္ဓ ရုပ်ပွားတော် တည်ဆောက်ရေး စီမံကိန်းသည် လေးနှစ်ခန့်ကြာမြင့်မည်ဟုခန့်မှန်းပါသည် ။ ၂၀၀၉တွင်အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ပြီး အခြေခံ ဗိသုကာ ဒီဇိုင်းများကို စတင်ဆောင်ရွက်လျှက်ရှိပါသည် ။ နယူးဆောက်ဝေး( **NSW** )အစိုးရထံမှ မြေနေရာရရှိရေးကို ဆောင်ရွက်မည်ဖြစ်ပါသည် ။
၂၀၁၀ တွင် ဆင်းတုတော် အခြေခံ အုတ်မြစ်ကို စတင် ချ ထားပြီး –
၂၀၁၄ တွင် ဆင်းတုတော်ကြီး ပြီးစီးမည်ဟု ခန့်မှန်းပါသည် ။
၂၀၁၆ တွင် တခြား ဗုဒ္ဓဘာသာအဆောက်အဦးများ ဖြစ်သည့် သိမ်တော်ကြီးနှင့် ဘုန်းကြီးကျောင်းများ ပြီးစီးမည်ဟု ခန့်မှန်းပါသည် ။
၂၀၁၈ တွင် တရားစခန်း အဆောက်အအုံများပြီးစီးမည်ဟု ခန့်မှန်းပါသည် ။
ဆင်းတုတော် တည်ဆောက်ရန်အတွက် ဆရာတော်ကြီး ဦးဆောင်လျှက် အဓိဋ္ဌာန် ဗုဒ္ဓ ဘာသာ သာသနာပြုအဖွဲ့ ( ဩစတြေးလျ ) **ADEIKHTAN BUDDHIST ASSOCIATION (AUSTRALIA)** ကို ဆစ်ဒနီမြို့တွင် ဖွဲ့စည်းခဲ့ပါသည် ။
ဆစ်ဒနီမြို့နှင့် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ ကာယ ဉာဏစွမ်းအားအကူအညီ ရယူပြီး မြန်မာလက်မှု ပညာရှင်များနှင့် ခေတ်ပညာတတ် လူငယ်ပညာရှင်များ ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းကာ ဆင်းတုတော်ကြီး တည်ဆောက်ရေး စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည် ။

| အသေးစိတ်သိလိုပါကဆက်သွယ်ရန် | |
|---|---|
| ဦးသိဒ္ဓိလှ | ၀၀၁၁ ၆၅ ၆၇၉၅ ၀၇၉၂ |
| ဦးကျော်ဇေယျ | ၀၄၃၃ ၅၃၀ ၅၂၃ |
| ဦးခင်မောင်ညွန့် | ၀၄၃၂ ၂၉၁ ၇၀၀ |

# ဆရာတော်ကြီး၏စီမံကိန်းများ



သာသနာတော် တည်တံ့ပြန့်ပွားရေးကို ရည်သန်လျှက် ဆရာတော်ကြီးသည် အောက်ဖော်ပြပါ စီမံကိန်းများကို မြန်မာပြည် အရပ်ရပ်တွင် စွမ်းစွမ်းတမံ စီမံဆောင်ရွက်နိုင်ခဲ့ပါသည် ။

၁)စစ်တွေမြို့တွင် စတုရန်းပေ လေးသောင်း ကျယ်ဝန်းသော ကျပ်ငွေ သိန်းနှစ်သောင်း ကုန်ကျသည့် မဟာဇေယျ သိဒ္ဓိ အဓိဋ္ဌာန်သိမ်တော် ကြီး ။

၂)ပလက်ဝမြို့တွင် ကျပ်ငွေသိန်း တထောင် ကုန်ကျသော (၃၅)ပေ မြင့်သည့် ချမ်းသာကြီး ထိုင်တော်မူ ဆင်းတုတော်ကြီး ။

၃)ပေါက်တောမြို့တွင်ကျပ်ငွေ သိန်းသုံးထောင်ကုန်ကျသော(၇၀)ပေ မြင့်သည့် လောကထိပ်ပန် ထိုင်တော်မူ ဆင်းတုတော်ကြီး ။

၄)ပုဏ္ဏားကျွန်းမြို့တွင် ကျပ်ငွေသိန်းသုံးထောင် ကုန်ကျသောလောကမာရဇိန် သိမ်တော်ကြီး ။

၅)ကျောက်တော်မြို့တွင် ကျပ်ငွေ သိန်းသုံးထောင် ကုန်ကျသော(၇၂)ပေမြင့်သည့် မဟာကံကြီးရှင်ထိုင်တော်မူ ဆင်းတုတော်ကြီး ။

၆)ပုဏ္ဏားကျွန်း မြို့နယ် ယိုးတရုတ် ကျေးရွာတွင် ကျပ်ငွေသိန်း တထောင်ကုန်ကျသော ပေ(၇၀) မြင့်သည့် အောင်ဆုပန် ရပ်တော်မူ ဗုဒ္ဓဆင်းတုတော်ကြီး ။

၇)မြောက်ဦးက္ကလာပ မြို့နယ်တွင် ကျပ်ငွေ သိန်း တသောင်း ခြောက်ထောင် ကုန်ကျသော (၁၂၆)ပေမြင့်သည့် မဟာကျိန် သစ္စာရှင် ထိုင် တော်မူ ဆင်းတုတော်ကြီး ။

၈)ဩစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့တွင် မကြာခင် တည်ဆောက်တော့ မည့် အနန္တ သိဒ္ဓိ ဆုထူးပန် ဗုဒ္ဓ ရုပ်ပွားတော် ။